
awba group

# NEWSLETTER

## GROUP LEGAL DEPARTMENT

## ဘရန်း(ဒ်) Brands နှင့် ထရိတ်မက် Trademarks

ဈေးကွက်တွင် စားသုံးသူများက အမှတ်တံဆိပ်ကို ဘရန်း(ဒ်) **BRAND** ဟု ခေါ်ဝေါ်သုံး စွဲကြသည်။ ထရိတ်မက်ဟု သုံးစွဲသူနည်းပါးသည်။ ဒါဟာ သူရဲ့ သဘောသဘာဝပင်ဖြစ်မည်။ ဒါကြောင့် ဘရန်း**(**ဒ်**)**နှင့် ထရိတ်မက် တူသလား၊ မတူဘူးလား ဆိုသည့် အတွေးတွေ ပေါ်ပေါက် လာပါသည်။ ၎င်းဝေါဟာရနှစ်ခုဟာ အပြန်အလှန် သုံးစွဲလို့ရပေမယ့် တကယ့်သဘောတရား နှစ်ခုက တထပ်တည်း မကျတာကို လေ့လာမှတ်သားမိပါတယ်။ ဘရန်း**(**ဒ်**)**သည် ဈေးကွက် အယူအဆ**(MARKETING CONCEPT)** တစ်ခုဖြစ်ပြီး ထရိတ်မက်သည် **(LEGAL CONCEPT)** တစ်ခု ဖြစ်သည်။ ဘရန်း**(**ဒ်**)**၏ နယ်ပယ်သည် ထရိတ်မက်ထက် ပိုမိုကျယ်ဝန်းသည်ကိုလည်း သတိ ထားမိသည်။




### ဘရန်း(ဒ်) ဆိုတာဘာလဲ။

ဘရန်းနိမ်း(Brand Name) ဆိုသည်မှာ ကုမ္ပဏီတစ်ခုမှ ၎င်း၏ ထုတ်ကုန်/ဝန်ဆောင်မှုကို ဝယ်ယူစားသုံးသူများ အလွယ်တကူ အသိအမှတ်ပြုနိုင်ရေးနှင့် ဝယ်ယူစားသုံးသူများအား ဝယ် ယူစားသုံးလိုစိတ်အား လှုံ့ဆော်ပေးနိုင်သည့် အမည်နာမ ဖြစ်ပါသည်။ ဘရန်း(ဒ်) တစ်ခုတွင် စာလုံးအက္ခရာများသာမက ရုပ်ပုံ၊ ကုမ္ပဏီ၏ ဂုဏ်သတင်း၊ ကုမ္ပဏီကို အသိအမှတ်ပြုနိုင်သည့် စရိုက်လက္ခဏာ၊ ယဉ်ကျေးမှု၊ ကိုယ်ရည်ကိုယ်သွေးစသည့် အချက်အလက်တွေ ပေါင်းစုပါဝင်နေသည်။

တနည်းဆိုရသော် ဘရန်း(ဒ်)သည် သင့်၏ ကုမ္ပဏီကို သတ်မှတ်ပေးနိုင်သည့် အမည်နာမ၊ သင့် ကုမ္ပဏီ၏ ကိုယ်ရည်ကိုယ်သွေး၊ စရိုက်လက္ခဏာတွေကို ဖော်ပြပေးသောအရာ၊ ထုတ်ကုန်/ဝန်ဆောင်မှု၏ အရည်အသွေးကို ဝယ်ယူစားသုံးသူ၏ ရောင်ပြန်ဟပ်စေသည့်အရာပဲ ဖြစ်ပါသည်။ ထိုအရည်အသွေးများ ပေါင်းစုလိုက်လျှင် ဈေးကွက်တွင် ဘရန်း(ဒ်) တန်ဖိုး အနည်းအများကို သတ်မှတ်ပေးနိုင်ပါသည်။

awba group

# NEWSLETTER

## GROUP LEGAL DEPARTMENT

## ဘရန်း(ဒ်) Brands နှင့် ထရိတ်မက် Trademarks




**ကုန်အမှတ်တံဆိပ် ဆိုတာဘာလဲ။**

ကုန်အမှတ်တံဆိပ်သည် လုပ်ငန်းတစ်ခု၏ ထုတ်ကုန်/ဝန်ဆောင်မှုကို အခြားသော လုပ်ငန်း တစ်ခု၏ အလားတူ ထုတ်ကုန်/ဝန်ဆောင်မှုတို့မှ ခွဲခြား သိရှိနိုင်ရန်အတွက် ဖန်တီးထားသော အများနှင့်မတူ သည့် သင်္ကေတ၊ လိုဂို၊ ရုပ်ပုံ၊ အက္ခရာနှင့် စကားလုံးများပင်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်သည် လုပ်ငန်းတစ်ခုနှင့်တစ်ခု၏ ထုတ်ကုန်/ဘရန်း(ဒ်)များကို ခွဲခြားသိရှိနိုင်ရုံ သာမက ထုတ်ကုန်ပိုင်ရှင်၏ အကျိုးစီးပွားကိုလည်း ဥပဒေအရ အကာအကွယ်ပေးပြီး အခြားသူ များက တုပခြင်းမရှိအောင် ကာ ကွယ်ပေးနိုင်သည်။

**ဘရန်း(ဒ်)နှင့်ကုန်အမှတ်တံဆိပ်တို့၏ ခြားနားချက်များ**

| | Brand | Trademark |
|---|---|---|
| အကျယ်အဝန်း | ဘရန်း(ဒ်)တိုင်းသည် ကုန်အမှတ် တံဆိပ်မဖြစ်နိုင်ပါ။ ကုမ္ပဏီကို သတ်မှတ်ပေးနိုင်သည့် အမည်နာမတစ်ခုသာဖြစ်သည်။ | ကုန်အမှတ်တံဆိပ်သည် မိမိ၏ ဘရန်း(ဒ်) လက္ခဏာကို အခြားသူ မတုပအောင် ဥပဒေ အရ ကာကွယ် ထားမှုပင်ဖြစ်သည်။ |
| ဆက်နွယ်မှု | ဘရန်း(ဒ်)သည် အလုပ်ခွင်၊ ဘရန်း(ဒ်) ၏ ရည်ရွယ်ချက်နှင့် ဂုဏ်သတင်းများ နှင့် ပတ်သက်ဆက်နွယ်နေသည်။ | ကုန်အမှတ်တံဆိပ်သည် လိုဂို၊ အရောင်ပေါင်းစပ် မှုနှင့် ၎င်းတို့ ပေါင်းစပ်ထားသောသင်္ကေတများ နှင့် ဆက်နွယ်သည်။ |

# NEWSLETTER

## GROUP LEGAL DEPARTMENT

ဘရန်း(ဒ်) Brands နှင့် ထရိတ်မက် Trademarks

### ဘရန်း(ဒ်)နှင့်ကုန်အမှတ်တံဆိပ်တို့၏ ခြားနားချက်များ

| | Brand | Trademark |
|---|---|---|
| ဥပဒေပိုင်း တူညီမှု | ဘရန်း(ဒ်)သည် ဥပဒေ အကြောင်းအရာနှင့် ဆက်နွယ်မှုမရှိပါ။ ဘရန်း (ဒ်)ကို ဘရန်း(ဒ်)ထုတ်ကုန်၊ ပုံရိပ်၊ ဂုဏ်သတင်းပေါ်အခြေခံပြီး ပိုင်ရှင်ကသာ ရွေးချယ်သည်။ | ကုန်အမှတ်တံဆိပ်သည် အများအားဖြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုတို့၏ တရားဝင် အထောက်အထား ဖြစ်သည်။ |
| သက်တမ်း | ဘရန်း(ဒ်)အမည်နာမအတွက် သက်တမ်းကုန်ဆုံးမှု မရှိပါ။ အသုံးပြုနိုင်နေသမျှ သက်တမ်းကြာရှည်မည် ဖြစ်သည်။ | ကုန်အမှတ်တံဆိပ်သည် ဆယ်နှစ်သက်တမ်း ရှိသည်။ သို့သော် ဆယ်နှစ်တစ်ကြိမ် သက်တမ်းတိုးနိုင်သည်။ |
| အသုံးပြုမှု | အခြားထုတ်လုပ်သူမည်သူမဆို ဘရန်း(ဒ်)အမည်ကို အသုံးပြုနိုင်သည်။ ဘရန်း(ဒ်)အမည်တစ်ခုတည်းကို ကြိမ်ဖန်များစွာအသုံးပြုမှုအတွက် ဥပဒေအရ အရေးယူခြင်းမခံရနိုင်ပါ။ | အခြားသော ပုဂ္ဂိုလ်က ကုန်အမှတ်တံဆိပ်တစ်ခုကို ပိုင်ရှင်က ခွင့်မပြုဘဲ အသုံးမပြုရပါ။ အမှတ်တံဆိပ်ကို တရားဝင်မှတ်ပုံတင်ထားသူသာ အသုံးပြုရမည်။ |
| တရားဝင် အထောက်အထား | ဘရန်း(ဒ်)အမည်နာမသည် ကုမ္ပဏီကို တရားဝင် အသိအမှတ်မပြု ပေးနိုင်ပါ။ ၎င်းကို စျေးကွက်တင်ရောင်းချရန် အသုံးပြုကြသည်။ | ကုန်အမှတ်တံဆိပ်သည် ကုမ္ပဏီ၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများ အတွက် တရားဝင် အသိအမှတ်ပြုချက် ဖြစ်သည်။ |
| ဥပဒေ အကာအကွယ် | ဘရန်း(ဒ်) အမည်နာမကို တရားဝင် အကာအကွယ် မပေးနိုင်ပါ။ မည်သူမဆို အသုံးပြုနိုင်သည်။ | ကုန်အမှတ်တံဆိပ်ကို ဥပဒေအရ အကာအကွယ်ပေးပြီး အခြားသူတစ်ဦးဦးက အသုံးမပြုနိုင်ပါ။ |

awba group

# NEWSLETTER

## GROUP LEGAL DEPARTMENT

ဘရန်း(ဒ်) Brands နှင့် ထရိတ်မက် Trademarks

**ခြားနားချက်ကို သိရှိဖို့ ဘာကြောင့်လိုအပ်ပါသလဲ။**

ဘရန်း(ဒ်)နှင့် ကုန်အမှတ်တံဆိပ်သည် အပြန်အလှန်အသုံးပြုနိုင်တာကို သိရှိပြီး ဖြစ်ပါမည်။ သူတို့၏ ကဏ္ဍကို နားလည်ဖို့သည် အရေးကြီးပါသည်။ ကုန်အမှတ်တံဆိပ်သည် သင်္ကေတ၊ စကားလုံး၊ စကားစုများကို ဥပဒေအရ အကာအကွယ်ပေးပြီး ဘရန်း(ဒ်)က စီးပွားရေးလုပ်ငန်း၏ တန်ဖိုးနဲ့ လွှမ်းခြုံထားတဲ့ အမြင်ကို ကိုယ်စားပြုပါသည်။

စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းအောင်မြင်ဖို့အတွက် ဘရန်း(ဒ်)ကော၊ ကုန်အမှတ်တံဆိပ်ကော ခိုင်မာတဲ့ အုတ်မြစ်ချဖို့ လိုအပ်ပါသည်။ ကုန်အမှတ်တံဆိပ်သည် သင့်၏ ထုတ်ကုန်/ဝန်ဆောင်မှုများကို အခြားသူများ အသုံးပြုခြင်းမှ တားမြစ်ပေးနိုင်သည့် ဥပဒေအကာအကွယ်ကို ထောက်ပံ့နိုင်သည်။ သို့သော် ဘရန်း(ဒ်)တစ်ခုကို ဈေးကွက်ဖန်တီးခြင်း၊ စားသုံးသူအတွေ့အကြုံ နှင့် ဂုဏ်သတင်းတို့မှတစ်ဆင့် တည်ဆောက်ရသည်။

ကုန်အမှတ်တံဆိပ် သို့မဟုတ် အမှတ်တံဆိပ်ကို လျစ်လျူရှုခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် ပြိုင်ဘက်များ သို့မဟုတ် ဈေးကွက်ရောက်ရှိနိုင်မှုအကန့်အသတ် အားနည်းချက်များ ရှိနိုင်သည်။ ကုန်အမှတ်တံဆိပ်အကာအကွယ်မရှိသော ခိုင်မာသောဘရန်း(ဒ်)ကို အလွယ်တကူ တုပနိုင်ပြီး ခိုင်မာသောဘရန်း(ဒ်)မရှိသော ကုန်အမှတ်တံဆိပ်သည် စားသုံးသူများ ပွဲတင်ထပ်ခြင်းကို ရရှိအောင် ရုန်းကန်ရနိုင်သည်။

စာရေးသူ
ဇာနည်လင်း

ကျမ်းကိုး

(၁) HTTPS://TAX2WIN.IN/GUIDE/DIFFERENCE-BETWEEN-BRAND-AND-TRADEMARK
(၂) HTTPS://WWW.SHIKSHA.COM/ONLINE-COURSES/ARTICLES/DIFFERENCE-BETWEEN-BRAND-AND-TRADEMARK/
(၃) HTTPS://WWW.PAULANDPAUL.COM/WHATS-THE-DIFFERENCE-BETWEEN-TRADEMARK-VS-BRAND-EVERYTHING-YOU-NEED-TO-KNOW/